# စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
# အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)
# ကျွမ်းကျင်မှုအခြေပြုကာလတို(၃)လသင်တန်း၊ အမှတ်စဉ် (၂) သင်တန်းဝင်ညွှန်ကြားလွှာ

**အကြောင်းအရာ**

၁။ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ ကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လသင်တန်းအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း။

**သင်တန်းအမည်**

၂။ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ ကျွမ်းကျင်မှုအခြေပြုကာလတို(၃)လသင်တန်း အမှတ်စဉ်(၂)။

**သင်တန်းဖွင့်လှစ်မည့်နေရာ**

၃။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မကွေးစက်မှုနယ်မြေ၊ အမှတ်(၅)စက်မှုသင်တန်း ကျောင်း(မကွေး)တွင် ဖွင့်လှစ်မည်။

**သင်တန်းအမျိုးအစား နှင့် လက်ခံသင်ကြားမည့်ဦးရေ**

၄။ သင်တန်းတွင် အောက်ပါဘာသာရပ်ကို စာတွေ့(၂၀%) လက်တွေ့ (၈၀%) သင်ကြားပေးမည် ဖြစ်ပြီး လက်တွေ့သင်ကြားမှုကို ဦးစားပေးသင်ကြားပို့ချမည်။ သင်တန်းသား/သူ(၁၂)ဦးအား လေ့ကျင့် သင်ကြားသွားမည်ဖြစ်ပါသည်-

| စဉ် | သင်ကြားပို့ချမည့် ဘာသာရပ် | သင်တန်းသား/ သူ ဦးရေ | သင်တန်း ကာလ | ပညာ အရည်အချင်း |
|---|---|---|---|---|
| ၁ | ဂဟေဆက်ပညာသင်တန်း<br>Welding Course | ၁၂ ဦး | ၃ လ | အခြေခံပညာ အလယ်တန်း သင်ယူဖူးသူ |

**လျှောက်ထားခွင့်ရှိသူများ**

၅။ ကျန်းမာရေးကောင်းမွန်ပြီး စက်မှုဝါသနာပါသူများ ဖြစ်ရမည်။

**သင်တန်းသား/သူများ၏ သတ်မှတ်အရည်အချင်း**

၆။ လျှောက်ထားသူများသည် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူ များဖြစ်ရမည် -

(က) အခြေခံပညာအလယ်တန်း သင်ကြားဖူးသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း အသက်(၁၇)နှစ်ပြည့်ပြီး (၄၀)နှစ်ထက် မကျော် လွန်သူဖြစ်ရမည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံသား (ကျား/မ)ဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( င ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Covid–19 စည်းကမ်းချက်များနှင့်အညီ နေထိုင်နိုင်သူဖြစ်ရမည်။

( စ ) သင်တန်းမှချမှတ်ထားသော ဝန်ခံကတိ စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**လျှောက်ထားခြင်း**

၇။ လျှောက်လွှာများအား အောက်ဖော်ပြပါ ဌာနများတွင်ရယူနိုင်ပြီး၊ လျှောက်လွှာပါအချက်အလက်များ၊ ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်များကို သေချာစွာဖြည့်စွက် လျှောက်ထားရန်လိုအပ်ပါသည်။ လူတွေ့နှုတ်မေးဖြေဆိုခွင့် ရရှိသူအမည်စာရင်းကို လူတွေ့နှုတ်မေး စစ်ဆေးမည့်ရက်မတိုင်မီကြိုတင်၍ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)တွင် ကြေငြာထားမည်ဖြစ်ပါသည်–

**(က) လျှောက်လွှာရရှိနိုင်သောနေရာများ**

လျှောက်လွှာများအား အောက်ဖော်ပြပါဌာနများတွင် ရယူနိုင်ပါသည်–

(၁) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

(၂) အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ မကွေးစက်မှုနယ်မြေ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။

(၃) စီးပွားရေးရာဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

(၄) www.industry.gov.mm website၊ www.itcmagway.edu.mm website နှင့် "itc magway" Facebook Account တို့တွင် download ပြုလုပ်ပြီး ရယူနိုင်ပါသည်။

**(ခ) လျှောက်လွှာပေးပို့ရန်နေရာ**

၂၀၂၅ ခုနှစ်၊ အောက်တိုဘာ(၁၇)ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ အောက်ဖော်ပြပါ လိပ်စာပါဌာနသို့ ပေးပို့ရပါမည်–

(၁) အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)၊ မကွေးစက်မှုနယ်မြေ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ (သို့မဟုတ်)

(၂) စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

**(ဂ) လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ**

လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပါရှိရမည် –

| | |
|---|---|
| (၁) လျှောက်လွှာမူရင်း | ( ၁ ) စောင် |
| (၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ | ( ၁ ) စောင် |
| (၃) လိုင်စင်ဓါတ်ပုံ | ( ၃ ) ပုံ |

(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံစာ ( မူရင်း ) (သို့မဟုတ်) ပြစ်မှုကင်းရှင်းကြောင်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာ( မူရင်း ) — ( ၁ ) စောင်

(၅) အလယ်တန်း သင်ယူဖူးကြောင်း ထောက်ခံစာ(မူရင်း) — ( ၁ ) စောင်

(၆) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း ဆေးထောက်ခံစာ(မူရင်း) — ( ၁ ) စောင်

(မှတ်ချက်။ အသက်နှင့်ပညာအရည်အချင်းအတွက် လျှောက်လွှာ၏ ကျောဘက်တွင် သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်ကို ဖြည့်စွက်ရန် လိုအပ်ပါသည်။)

(၇) Covid-19 ရောဂါကာကွယ်ဆေး ထိုးပြီးကြောင်း ဆေးမှတ်တမ်း(မူရင်း) — (၁)စောင်

**လူတွေ့နှုတ်မေးစစ်ဆေးခြင်း**

၈။ သင်တန်းတက်ရောက်ခွင့် ရရှိရေးအတွက် လူတွေ့နှုတ်မေးစစ်ဆေးခြင်းကို ဖြေဆိုရမည်ဖြစ်ပါသည်။ လူတွေ့နှုတ်မေး စစ်ဆေးခြင်းကို မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အမှတ်(၅) စက်မှုသင်တန်းကျောင်း(မကွေး)တွင် (၂၀.၁၀.၂၀၂၅) ရက်နေ့မှ (၂၁.၁၀.၂၀၂၅) ရက်နေ့အထိ ပြုလုပ်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အခြေခံပညာအလယ်တန်းသင်ယူပြီးမြောက်ကြောင်း လက်မှတ်(မူရင်း)(သို့မဟုတ်)ထောက်ခံစာ(မိတ္တူ)တို့ကို တစ်ပါတည်း ယူဆောင်လာရမည်။

**သင်တန်းကာလ**

၉။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၅)ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၃၀)ရက်နေ့အထိ ဖြစ်ပါသည်။

**နေရာထိုင်ခင်း**

၁၀။ လူတွေ့စစ်ဆေးပြီး သင်တန်းတက်ရောက်စဉ် ကာလအတွင်း နေရာထိုင်ခင်းအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူတွေ့စစ်ဆေး အောင်မြင်သူများအတွက် ဦးစားပေး အစီအစဉ်အလိုက် အသင့်နေထိုင်နိုင်သော ကျောင်းဆောင်များတွင် နေရာချထားပေးမည်ဖြစ်ပါသည်။

( ခ ) သင်တန်းသား/သူများ၏ မိသားစုများအား သင်တန်းကာလအတွင်း မည်သို့သော အကြောင်းကြောင့်ဖြစ်စေ သင်တန်းကျောင်း အိပ်ဆောင်များတွင် လာရောက်တည်းခိုခွင့်မပြုပါ။

**စားစရိတ်**

၁၁။ သင်တန်းသားတစ်ဦးလျှင် လစဉ်စားစရိတ်အဖြစ် (၄၅,ဝဝဝိ/-) ကျပ်ကို နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပြီး သင်တန်းသား/သူများမှ လစဉ် (၄၅,ဝဝဝိ/-) ကျပ်ကို ထည့်ဝင်ရမည် ဖြစ်ပါသည်။

**လျှောက်လွှာလက်ခံခြင်းနှင့် သင်တန်းသားလက်ခံခြင်း**

၁၂။ ကျွမ်းကျင်မှုအခြေပြု ကာလတို(၃)လသင်တန်း အမှတ်စဉ်(၂)အတွက် လျှောက်လွှာလက်ခံခြင်းအား (၁.၈.၂၀၂၅) ရက်နေ့မှစ၍ လက်ခံသွားမည်ဖြစ်ပြီး လျှောက်လွှာပိတ်ရက်ကို (၁၇.၁၀.၂၀၂၅) ရက်နေ့ (၁၆:၀၀) အချိန်ထိ လက်ခံပေးမည် ဖြစ်ပါသည်။ သင်တန်းဝင်ခွင့် အောင်စာရင်း ထုတ်ပြန်ပြီးပါက ဝင်ခွင့်ရရှိသူ သင်တန်းသား/သူများအား ဆက်သွယ်အကြောင်းကြားပြီး ကြိုတင်ချိတ်ဆက်ဆောင်ရွက်မည် ဖြစ်ပါမည်။

သင်တန်းတက်ခွင့်ရသူများသည် မိမိအစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အမှတ်(၅)စက်မှုသင်တန်းကျောင်း(မကွေး)သို့ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့ထက်မစော၊ နိုဝင်ဘာလ(၄)ရက်နေ့ (၁၆:၀၀) နာရီထက် နောက်မကျစေဘဲ အုပ်ထိန်းသူတစ်ဦးနှင့်အတူ ကိုယ်တိုင်လာရောက် သတင်းပို့ရပါမည်။

**သတ်မှတ်ယူနီဖောင်း**

၁၃။ သင်တန်းကာလအတွင်း သင်တန်းသား/သူ အားလုံးသည် နက်ပြာရောင် (အင်္ကျီ၊ ဘောင်းဘီရှည်) တူညီယူနီဖောင်းကို ဝတ်ဆင်ရမည်။ ယူနီဖောင်းစရိတ် (၁)စုံလျှင် (၂၀,၀၀၀)ကျပ် နှုန်းဖြင့် (၁)စုံအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးမည်ဖြစ်ပါသည်။

**စည်းကမ်းချက်များ**

၁၄။ သင်တန်းသားများသည် အောက်ပါသင်တန်းစည်းကမ်းများကို လိုက်နာကြရမည်-

(က) သင်တန်းကာလပြီးဆုံးအောင် တက်ရောက်ပါမည်ဟု သင်တန်းသားကိုယ်တိုင်နှင့် အုပ်ထိန်းသူတို့မှ ခိုင်မာသောကတိဝန်ခံချက် လက်မှတ်ရေးထိုးရပါမည်။

( ခ ) သင်တန်းကာလ(၃)လ အတွင်း မည်သည့်အခြားစာမေးပွဲမှ ဖြေဆိုခွင့်မပြုပါ။

( ဂ ) သင်တန်းသား/သူများသည် သင်တန်းကာလအတွင်း ကျောင်းခေါ်ချိန် (၈၀%) ပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုပါမည်။

(ဃ) သင်တန်းကျောင်းမှဖြစ်စေ၊ စက်မှုဝန်ကြီးဌာနမှဖြစ်စေ အခါအားလျော်စွာထုတ်ပြန်သည့်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာရပါမည်။

**အောင်လက်မှတ် ချီးမြှင့်ခြင်း**

၁၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်၍ အောင်မြင်သော သင်တန်းသားများအား သင်တန်းဆင်းပွဲအခမ်းအနားတွင် အောင်လက်မှတ် ချီးမြှင့်မည်ဖြစ်ပါသည်။